# တပည့်တော်တစ်ဦး ဖြစ်ခြင်း

**စကားလုံးလေ့လာခြင်း- တပည့်တော်**

- ဂရိဘာသာစကားလုံး (mathetes)၏ မူရင်းအဓိပ္ပာယ်မှာ သင်ယူနေသူတစ်ဦး၊ လူတစ်ဦး၏ သွန်သင်ချက်ကို လိုက်နာသူကို ဆိုလိုသည်။ တပည့်တစ်ဦးသည် ကျောင်းသားတပည့် တစ်ဦးသာမက နောက်လိုက်တစ်ဦးဖြစ်သည်။ သူတို့သည် သူတို့ဆရာ၏ အပြောအဆိုကို အတုယူတတ်ကြသည်။

၎င်းကို တွေ့မြင်ခြင်းအားဖြင့် တပည့်တစ်ဦးသည်-

၁။ သင်ယူသူ - နိပ်ချခြင်းနှင့် ဆက်ကပ်သူ

၂။ နောက်လိုက်သူ - သင်ကြားသည့်အရာကို လိုက်သောသူ

၃။ ဆရာနောက်လိုက်သူ - ဆရာနှင့် နီးကပ်စွာနေသောသူ

၄။ အတုယူသူ - ဘဝတစ်ခု၏ တပည့်တော်

- တပည့်တော်များသည် နှုတ်ကပတ်တော်၌ တည်နေကြသည်

*"ထိုအခါ ယေရှုက၊ သင်တို့သည် ငါ၏ဒေသနာ၌ တည်လျှင် ငါ့တပည့်အမှန် ဖြစ်ကြ၏။ သမ္မာတရားကိုလည်း သိကြသဖြင့်၊ ထိုတရားသည် သင်တို့ကို လွှတ်လိမ့်မည်ဟု၊ ယုံကြည်သော ယုဒလူတို့အား မိန့်တော်မူ၏"* (ယောဟန် ၈း၃၁-၃၂)။

- တပည့်တော်တို့သည် သခင်၌ တည်နေကြသည်။

*"သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌တည်လျှင်၊ သင်တို့သည် တောင်းချင်သမျှကို တောင်း၍ ရကြလိမ့်မည်။ သင်တို့သည် များစွာသောအသီးကို သီးသောအားဖြင့်၊ ငါ့ခမည်းတော်သည် ဘုန်းထင်ရှားတော်မူ၍၊ သင်တို့သည်လည်း ငါ၏တပည့် မှန်ကြလိမ့်မည်"* (ယောဟန် ၁၅း၇-၈)။

သမ္မာကျမ်းစာအရ တပည့်တော်များသည် နှုတ်ကပတ်တော်၌ တည်သောသူနှင့် နှုတ်ကပတ်တော်သည်လည်း သူတို့အထဲ၌ တည်သောသူများသည် ယေရှု၏ နောက်လိုက်တပည့်များ ဖြစ်သည်။

- ➢ **တပည့်တော်များ ဖြစ်စေရန် ယေရှုသည် အမိန့်ပေး ထားသည်။**

***"သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့် ဖြစ်စေလျက်"* (မဿဲ ၂၈း၁၉က)။**

မဟာစေခိုင်းချက်ကို ကျွန်တော်တို့ လိုက်နာ၍ တပည့်တော်များ ဖြစ်စေကြပါစို့။

- **ယေရှုသည် တပည့်တော်များ ဖြစ်စေသည်။**

လူအမြောက်အများတို့သည် ယေရှုနောက်ကို လိုက်ကြသည်။ ထိုသူတို့အထဲမှ ၁၂ဦးကိုသာ ရွေးချယ်၍ တမန်တော်များအဖြစ် သင်တန်းပေးခဲ့သည်။ ***"မိုယ်းလင်းသောအခါ တပည့်တော်တို့ကို ခေါ်တော်မူ၍၊ တကျိပ်နှစ်ပါးတို့ကို ရွေးကောက်၍ တမန်တော်အမည်ဖြင့် သမုတ်တော်မူ၏"*** (လုကာ ၆း၁၃-၁၆)။

- **ရှင်ပေတရုနှင့် ယေရှု၏ တမန်တော်တို့သည် တပည့်တော်များ ဖြစ်စေကြသည်။**

တမန်တော်ဝတ္ထုက ကျွန်တော်တို့ကို ပြသပေးခဲ့သည်မှာ- ယေရှု၏ တမန်တော်တို့သည် မြောက်များစွာသော တပည့်တော် ဖြစ်စေကြ၍၊ ယဇ်ပုရောဟိတ်များသည်လည်း ယုံကြည်ခြင်း၌ နာခံခဲ့ကြသည်။ ***"ဘုရားသခင်၏ သာသနာတော်သည် တိုးပွားသဖြင့် ယေရုရှလင်မြို့၌ တပည့်တော်တို့သည် အလွန်ပွားများ၍၊ ယဇ်ပုရောဟိတ် အပေါင်းတို့သည် ယုံကြည်ခြင်းတရားကို နားထောင်ကြ၏"*** (တမန် ၆း၇)။

ထိုအချိန်မှစ၍ ညှင်းပန်းနှိပ်စက်ခြင်း ရောက်လာ၍၊ သတေဖန်သည် အသတ်ခံရကာ မြောက်များစွာသော တပည့်တော်များသည် ယေရုရှလင်မြို့မှ မောင်းထုတ်ခြင်း ခံရကြသည်။

***"ထို့ကြောင့် အရပ်ရပ်သို့ ကွဲပြားသော သူတို့သည် လှည့်လည်၍ နှုတ်ကပတ်တော် တည်းဟူသော ဧဝံဂေလိတရားကို ဟောပြောကြ၏"*** (တမန် ၈း၄)။

***"ထိုမှတပါး၊ သတေဖန်၏ အမှုကြောင့် ညှင်းဆဲခြင်းကို ခံရ၍ အရပ်ရပ်သို့တိုင်အောင် သွား၍ ယုဒလူတို့အားသာ နှုတ်ကပတ်တရားတော်ကို ဟောပြောကြ၏"*** (တမန် ၁၁း၁၉)။

ယေရှု၏ တမန်တော်များအားဖြင့် နှုတ်ကပတ်တော်ဖြင့် တပည့်တော်ဖြစ်သော သူတို့သည် ရောက်သည့်နေရာတိုင်းတွင် နှုတ်ကပတ်တော် ဟောကြားကြသည်။ ထိုကဲ့သို့သော အသီးအပွင့်သည် တပည့်တော် ဖြစ်စေခြင်းကြောင့်သာ ဖြစ်သည်။

တပည့်တော်များသည် တစ်ကြိမ်သွန်သင်ပေးခြင်း ခံရလျှင် သူတို့သည် အပြင်ထွက်၍ ဟောပြောနိုင်ကြသည်။

- **ရှင်ပေါလုနှင့် ဗာနဗတို့သည် တပည့်တော် ဖြစ်စေကြသည်။**

သူတို့၏ ပထမသာသနာ ခရီးစဉ်တွင် ဧဝံဂေလိ သတင်းကောင်း ဟောကြားသည့် မြို့များမှ ပြန်လာကြ၍ ***"တပည့်တော် ဖြစ်စေပြီးမှ လုတ္တရမြို့၊ ဣကောနိမြို့၊ အန္တိအုတ်မြို့တို့ကို အစဉ်တိုင်း လှည့်လည်၍ ပြန်ကြ၏။ ထိုသို့ပြန်ကြစဉ် တပည့်တော်များ၏ စိတ်နှလုံးကို မြဲမြံခိုင်ခံစေသဖြင်"*** မန် ၁၄း၂၁-၂၂)။

- ➢ **ဒေသန္တရအသင်းတော်များသည် တပည့်တော်များ ဖြစ်စေကြသည်။**

ရှင်ပေါလုနှင့်ဗာနဗတို့ တည်ထောင်ထားသော အသင်းတော်များသည်လည်း တပည့်တော် ဖြစ်စေကြသည်။ တိမောသေသည် သက်သေတစ်ဦးဖြစ်သည်။ ***"ထိုနောက်မှ ပေါလုသည် ဒေရဗေမြို့နှင့် လုတ္တရမြို့သို့ ရောက်လေ၏။ လုတ္တရမြို့၌ တိမောသေ အမည်ရှိသော တပည့်တော် တစ်ယောက်ရှိ၏။ ....ထိုသူသည် ညီအစ်ကိုတို့တွင် အသရေရှိသောသူဖြစ်၏"* (တမန် ၁၆း၁-၂)။**

ယေရှုသည် တပည့်တော်များ ရွေးချယ်၍ တိကျသော အမှုတော်လုပ်ငန်းအတွက် သင်တန်းပေးသကဲ့သို့ ရှင်ပေါလုသည် ထိုဥပဒေသကို လိုက်နာခဲ့သည်။ ***"ပေါလုသည် ထိုသူကို ခေါ်ခြင်းငှါ အလိုရှိ၍"*** **(တမန် ၁၆း၃က)။** ၎င်းသည် တမန်တော်ဖြစ်လာရန် တိမောသေ၏ အစပြုခြင်းဖြစ်သည်။

- ➢ ရှင်ပေါလုသည် တိမောသေထံ ရေးသားသော သူ၏ စာစောင်ထဲတွင် တပည့်တော်များအတွက် လမ်းညွှန်ချက်အချို့ပေးထားသည် **၂တိ ၃း၁၀-၁၁။**

တိမောသေသည်လည်း ဂရုစိုက်စွာ လိုက်နာခဲ့သည်။

၁။ ရှင်ပေါလု **သွန်သင်ပေးသော** - ဩဝါဒ

၂။ သူ၏ **အသက်တာပုံစံ**- သူ၏ အပြုအမူနှင့် ပြုမူကျင့်ကြံပုံ

၃။ သူ၏ **ရည်ရွယ်ချက်** - ဧဝံဂေလိသတင်းကောင်း အတွက် အသက်ရှင်ခြင်းနှင့် စိတ်အားထက်သန်မှု

၄။ သူ၏ **ယုံကြည်ခြင်း** - ရှင်ပေါလုသည် ဘုရားသခင်ကို မည်သို့ ဟစ်ခေါ်၍ သူ့ထံမှ ကြားခဲ့သနည်း။

၅။ သူ၏ **စိတ်ရှည်ခြင်း** - သည်းခံခြင်းနှင့်၎င်း၊ စိတ်ရှည်ခြင်းနှင့်၎င်း ယုံကြည်သူတို့အား ဂရုစိုက်ခဲ့သနည်း။

၆။ သူ၏ **ချစ်ခြင်းမေတ္တာ(၂ကော ၅း၁၄)** - အသင်း တော်များကို မည်မျှချစ်ခဲ့သနည်း (၂ကော ၁၁း၂၈)။

၇။ သူ၏ **ဖွဲ့လုံ့လ** - မြောက်များစွာသော အခက်အခဲများကို မည်သည့်အခါမှ အရှုံးမပေးခဲ့ပါ။

၈။ သူ၏ **ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဝေဒနာခံရခြင်း** - သာ၍ ကျေးဇူးတရား ရှာတွေ့ရန် ဤအရာများ မည်ကဲ့သို့ အသုံးပြုခဲ့သနည်း**(၂ကော ၁၂း၇-၁၀)။**

## <u>တပည့်တော်တစ်ဦး၏ ဖြစ်ခြင်း၏ ဝိသေသလက္ခဏာများ</u>

### ➢ ယေရှုခရစ်ထံ၌ ဆက်ကပ်အပ်နှံခြင်း

ကျွန်တော်တို့သည် ယေရှုခရစ်၌ ယုံကြည်ခြင်း ရှိလာပြီဆိုလျှင်၊ သူ့နောက်လိုက်ရန် ဆက်ကပ်အပ်နှံမှု ရှိရမည်။ ယေရှုခရစ်ကို ယုံကြည်သောအားဖြင့် ကျွန်တော်တို့၏ ဆက်ကပ်အပ်နှံမှုမှာ တပည့်တစ်ဦး ဖြစ်လာရခြင်း၏ အခြေခံတစ်ခုဖြစ်သည်။ ယေရှုခရစ်ကို ယုံကြည်ခြင်း၌ ဆက်ကပ်အပ်နှံခြင်း ရှိလာလျှင် ခေါ်ဆိုမှုကို ကျွန်တော်တို့ လိုက်နာရမည်။

***"ထိုသူတို့အား ငါ့နောက်သို့ လိုက်ကြလော့။ သင်တို့သည် လူကိုမျှားသော တံငါဖြစ်စေခြင်းငှါ ငါပြုမည်ဟု အမိန့်တော်ရှိလေသော်၊ ထိုသူတို့သည် ချက်ခြင်း ပိုက်ကွန်ကို စွန့်ပစ်၍ နောက်တော်သို့ လိုက်ကြ၏"*** **(မဿဲ ၄း၁၉-၂၀)။**

ကတိဝတ်ပြုခဲ့ပြီ ဖြစ်သည့်အတွက် ကျွန်တော်တို့သည် သင်ကြားပေးခြင်း၊ လေ့ကျင့်ပေးခြင်းနှင့် စေလွှတ်ခြင်းခံရသူများ ဖြစ်သည့်အတွက် ထိုကတိတွင် သစ္စာရှိရန် လိုအပ်သည်။

### ➢ အပ်နှံပြီးဖြစ်သည်။

ခရစ်တော်၏ ခန္ဓာကိုယ်၌ရှိသောသူ အပေါင်းတို့သည် ဆက်ကပ်အပ်နှံခြင်း ရှိရမည်။ သမ္မာကျမ်းစာ သွန်သင်ပေးချက်အရ တစ်ပည့်တစ်ဦးသည် သူ့ဆရာထံသို့ ဆက်ကပ်အပ်နှံခြင်းကို ဆိုလိုသည်။ ထိုကဲ့သို့သော ဆက်ကပ်အပ်နှံခြင်းသည် ပထမအရာတွင် လုံးလုံးလျားလျား ဘုရားသခင်ထံသို့ ဖြစ်၍၊ ထို့နောက် ဘုရားသခင်ကို ယုံကြည်သောအားဖြင့် ဘုရားသခင် ခန့်အပ်ထားသော တပည့်တော် ဖြစ်စေသူတို့ထံသို့ အပ်နှံရမည်။

ထို့နောက် ခရစ်တော်၏ ခန္ဓာကိုယ်၌ တစ်ဦးနှင့်တစ်ဦး ဆက်ကပ်အပ်နှံခြင်း ပြုရမည်။ တစ်ဦးနှင့်တစ်ဦး အကြွင်းမဲ့ လေးစားခြင်းနှင့် ကျေးဇူးတင်တတ်ခြင်းသည် ခရစ်တော်၏ ခန္ဓာကိုယ်၌ ကျွန်တော်တို့၏ ဆက်ကပ်အပ်နှံခြင်းတွင် ရှိရမည် **(ဖေက် ၅း၂၁၊ ၁ပေ ၅း၅)။**

### ➢ တာဝန်သိတတ်ခြင်း

တာဝန်သိတတ်ခြင်း ဆိုသည်မှာ ပြန်လည်အစီရင်ခံရန် ဆန္ဒရှိခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည်၊ ကျွန်တော်တို့၏ အချိန် အပြုအမူ၊ သစ္စာရှိမှုအတွက် တာဝန်သိတတ်ခြင်း ရှိရမည်။ ဆိုလိုသည်မှာ ကျွန်တော်တို့ကို တောင်းဆိုသော အရာအတွက် လုပ်လိုသောဆန္ဒကို ဆိုလို၍၊ လက်တွေ့ ဧဝံဂေလိပြုခြင်းနှင့် အိမ်စာလုပ်သည့် အရာများတွင် လုပ်လိုသော ဆန္ဒရှိခြင်း ပါဝင်သည်။ ထို့နောက် သင့်ကို စေလွှတ်သောသူထံသို့ ပြန်လည်အစီရင်ခံခြင်း ရှိရမည် **(တမန် ၁၄း၂၇၊ လုကာ ၁၀း၁၇-၁၉)။**

### ➢ စေလွှတ်ရန် အဆင်သင့်ရှိခြင်း

တပည့်တော်တစ်ဦးသည် သင်ကြားလေ့ကျင့်ပေးခြင်း ခံရပြီဆိုလျှင် အမှုတော်မြတ်၌ အမှုတော်ဆောင်ရန် စေလွှတ်ခြင်း ခံရမည် **(လုကာ ၁၀း၁၊ မဿဲ ၁၀း၅-၄၀)။**

ဘုရားသခင်သည် သူ၏ အသင်းတော်အတွက် ရှုပါရုံမှာ ဒေသန္တရ မိတ်သဟာယဖွဲ့ခြင်းတိုင်းတွင် အသင်းတော်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ညီအစ်ကိုများကို တပည့်တော် ဖြစ်စေရန်ဖြစ်သည်။ ဒေသန္တရမိတ်သဟာယဖွဲ့ခြင်း အားလုံးသည် အခြားသော မိတ်သဟာယအဖွဲ့များနှင့် အပြန်အလှန် ဆက်ကပ်အပ်နှံခြင်းနှင့် တမန်တော်တို့အား လိုက်နာမှု၊ သို့မဟုတ် တမန်တော်အဖွဲ့တို့အား လိုက်နာမှုရှိရပါမည်။

***"ထိုအကြောင်းကြောင့် သခင်ဘုရား၌ သစ္စာရှိသော ငါ၏ချစ်သား တိမောသေကို သင်တို့ဆီသို့ ငါစေလွှတ်၏။ ခပ်သိမ်းသော အရပ်တို့၌ ခပ်သိမ်းသော အသင်းတော်တို့ကို ငါသွန်သင်သည်နှင့်အညီ၊ ငါသည် ခရစ်တော်၌ ကျင့်သော အကျင့်ဓလေ့များကို သင်တို့သည် မှတ်မိစေခြင်းငှါ သူသည် ပြသတိုက်တွန်းလိမ့်မည်"*** ၁ကော ၄း၁၇။

တပည့်တော်ဖြစ်ခြင်းသည် ရင့်ကျက်ခြင်းသို့ ကြီးထွားရမည်။

- ➢ အခြေခံအုတ်မြစ်ကောင်းမွန်စွာ ချထားရမည်။
- ➢ အရာခပ်သိမ်း၌ ကြီးထွားခြင်း ရှိရမည် (ဖေက် ၄း၁၃-၁၆)။
- ➢ တပည့်တော်တို့သည် နှုတ်ကပတ်တော်သာ ပြောဆိုရမည်
- ➢ တပည့်တော်များသည် ရပ်တန့်စေ၍ မရပါ။
- ➢ တပည့်တော်များသည် ထိရောက်၍ အောင်မြင်သော အသီးအပွင့်ရှိရန် ခေါ်ဖိတ်ခြင်း ခံရသည်။

**လောကမှာသည် ထာဝရဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေဖို့ရန် လေ့ကျင့်ထားသော တပည့်တော်များကို စောင့်မျှော်နေသည်။**

**"အကြောင်းမူကား၊ ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့၊ မြေကြီးသည် ထာဝရဘုရား၏ ဘုန်းတော်ကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်"(ဟဗက္ကုတ် ၂း၁၄)။**